SAFE HOMES FAMILIES COMMUNITIES

အချက်အလက် စာစောင်

# အကြမ်းဖက်မှု လုပ်နေသော လူများအတွက် အကူအညီနှင့် ပံ့ပိုးမှု

*ဩစတြေးလျနိုင်ငံ၌ မိသားစု အကြမ်းဖက်မှုနှင့် လိင်ဆိုင်ရာ အကြမ်းဖက်မှုကို မည်သည့်အခြေအနေ၌မဆို သည်းမခံပါ။ မိသားစုအကြမ်းဖက်မှုနှင့် လိင်ဆိုင်ရာ လက်ရောက်မှုသည် ရာဇဝတ်များဖြစ်သည်၊ ၎င်းတို့မှာ အိမ်၌ဖြစ်ပျက်သည်ပင်လျှင် ရာဇဝတ်မှုဖြစ်သည်။*

သင့်အနေဖြင့် ဩစတြေးလျနိုင်ငံ၌ မွေးဖွားခဲ့သည်ဖြစ်စေ သို့မဟုတ် ဩစတြေးလျနိုင်ငံသို့ နိုင်ငံနောက်တစ်ခုမှ ပြောင်းရွှေ့လာခဲ့သည်ဖြစ်စေ လူတိုင်းတွင် ဘေးကင်းလုံခြုံစေရန်နှင့် ကြောက်ရွံ့မှု နှင့်အကြမ်းဖက်မှုမှ ကင်းရှင်းစွာ နေထိုင်ရန် အခွင့်အရေး ရှိသည်။

ဩစတြေးလျနိုင်ငံရှိ ဥပဒေသည် အမျိုးသမီးများနှင့် အမျိုးသားများအပေါ် တန်းတူ အာဏာသက်ရောက်သည်။ လူတိုင်းသည် အပြုသဘောဆောင်ပြီး ဘေးကင်းလုံခြုံသည့် ပေါင်းသင်းဆက်ဆံရေးများ တွေ့ကြုံရန် အခွင့်အရေး ရှိသည်။

## မိသားစု အကြမ်းဖက်မှု

မိသားစု အကြမ်းဖက်မှုသည် ရာဇဝတ်မှုတစ်ခုဖြစ်သည်။ ခင်ပွန်း သို့မဟုတ် ကြင်ဖော်ဖက် တစ်ဦးအတွက် ၎င်းတို့၏ ဇနီး သို့မဟုတ် ကြင်ဖော်ဖက် အပေါ် အကြမ်းဖက်ခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်သည်။

မိသားစု အကြမ်းဖက်မှုတွင် လက်ရောက်မှုကျူးလွန်ခြင်း၊ လိင်ဆိုင်ရာ လက်ရောက်မှုကျူးလွန်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နိုင်ထက်စီးနင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှုတ်ဖြင့်စော်ကားခြင်း၊ အစမ့်သွေးဆောင်ခြင်း၊ နောက်ယောင်ခံလိုက်ခြင်း သို့မဟုတ် ဤအရာများအနက် တစ်ခုခုကိုလုပ်ရန် အားထုတ်ခြင်းကဲ့သို့သော အကြမ်းဖက်သည့် အပြုအမူများ ပါဝင်သည်။

မိသားစု အကြမ်းဖက်တွင် ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုထက်ပိုမိုပြီး ငွေကြေးအရ နှိပ်စက်မှု၊ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်မှု၊ မိသားစုအကြမ်းဖက်မှု တားမြစ်အမိန့်များကို ဖောက်ဖျက်ခြင်းနှင့် ပစ္စည်းဥစ္စာ ဖျက်ဆီးခြင်းတို့လည်း ပါဝင်သည်။

မိသားစု အကြမ်းဖက်မှု နမူနာများတွင် ပါဝင်သည်မှာ-

- ဩစတြေးလျနိုင်ငံ၌ နေထိုင်ရန် ၎င်းတို့၏ အခွင့်အရေးနှင့်ပတ်သက်၍ ခြိမ်းခြောက်မှုများအပါအဝင် သင့်ဇနီး သို့မဟုတ် ကြင်ဖော်ဖက်အား  ခြိမ်းခြောက်ခြင်း။
- ၎င်းသူတို့အား ဆုပ်ဆွဲခြင်း၊ ရိုက်ခြင်း၊ လည်ပင်းညှစ်ခြင်း၊ ကန်ခြင်း သို့မဟုတ် ထိုးခြင်း။
- အရာပစ္စည်းများဖြင့် ၎င်းသူတို့အား ပစ်ပေါက်ခြင်း။
- မည်သူတို့အား ၎င်းသူတို့ တွေ့နိုင်ကြောင်းနှင့် မည်သည့်အရာကို ၎င်းသူတို့ လုပ်နိုင်ကြောင်း ပြောဆိုခြင်း။
- သင်နှင့် လိင်ဆက်ဆံရန် ၎င်းသူတို့အား အတင်းအကျပ်ပြုခြင်း။
- ၎င်းသူတို့အား မိတ်ဆွေများနှင့် မိသားစုတို့မှ အထီးကျန်အောင် လုပ်ထားခြင်း။
- ၎င်းသူတို့အား ပိုက်ဆံ သို့မဟုတ် ငွေကြေးကို ရယူရန် တားမြစ်ထားခြင်း။

# လိင်ဆိုင်ရာ အကြမ်းဖက်မှု

လိင်ဆိုင်ရာ အကြမ်းဖက်မှုတွင် မလုပ်လိုသော၊ သဘောမတူသော၊ စိတ်ဒဏ်သင့်သောနှင့် နာကျင်သော လိင်ဆိုင်ရာ အပြုအမူများပါဝင်သည်၊ လိင်ဆိုင်ရာ အနှောင့်အယှက်ပေးခြင်း၊ ထိတွေ့ခြင်း၊ အနိုင်အထက်ပြုခြင်း၊ နှင့် မုဒိန်းကျင့်ခြင်းအပါအဝင်ဖြစ်သော လိင်ဆိုင်ရာ လက်ရောက်မှု တို့အပါအဝင် ဖြစ်ပါသည်။ လိင်ဆိုင်ရာ လက်ရောက်မှုကျူးလွန်ခြင်းသည် ရာဇဝတ်မှုတစ်ခု ဖြစ်သည်။

# ပံ့ပိုးမှု၊ အကူအညီနှင့် သတင်းအချက်အလက် ရယူခြင်း

လိုအပ်သည့် ပြောင်းလဲချက်များကို ကူညီလုပ်ပေးရန် အကူအညီနှင့်ပံ့ပိုးမှု ရရှိနိုင်ပါသည် ထို့ကြောင့် သင့်အနေဖြင့် သင့် ကြင်ဖော်ဖက်နှင့် မိသားစုတို့နှင့် ပတ်သက်၍ ဘေးကင်း လုံခြုံနိုင်မည် ဖြစ်သည်။

အကယ်၍ သင်သည် သင်သိသည့် တစ်စုံတစ်ယောက်၏ အပြုအမူနှင့် ပတ်သက်၍ စိုးရိမ်ပူပန်နေလျှင် သတင်းအချက်အလက်များ၊ အကူအညီနှင့် ပံ့ပိုးမှု ပေးအပ်ရန်အတွက် ဝန်ဆောင်မှုများကိုလည်း ရရှိနိုင်ပါသည်။

# ပံ့ပိုး ဝန်ဆောင်ဌာနများ

အကယ်၍ သင် ပံ့ပိုး ဝန်ဆောင်ဌာန တစ်ခုကို သင် ဆက်သွယ်ရန်အတွက် ကူညီပေးရန် စကားပြန်တစ်ဦး သင် လိုအပ်လျှင် ဘာသာပြန်နှင့် စကားပြန်ဌာန (Translating and Interpreting Service (TIS)) ဖုန်း 131 450 ကိုဆက်ပါ။

ဖုန်းခေါ်မှုအားလုံးမှာ အခမဲ့ဖြစ်ပြီး လျှို့ဝှက်၍လုပ်ပေးသည်။

**အရေးပေါ် ကိစ္စတစ်ရပ်တွင် အမြဲတမ်း ဖုန်း 000 ကိုဆက်ပါ။**

Men's Referral Service ကို တယ်လီဖုန်းဖြင့် နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ စကားပြောဆိုခြင်း၊ သတင်းအချက်အလက်နှင့် ဒေသခံ ဝန်ဆောင်ဌာနများသို့ လွှဲပို့ပေးခြင်းတို့ကိုလုပ်ပေးရန်
**1300 766 491**
*၂၄ နာရီလုံး ရရှိနိုင်ပါသည်။*
ဖုန်းခေါ်သူများကို အမည်မဖော်လိုသူများအဖြစ် ထားရှိပေးနိုင်သည်။
www.ntv.org.au

Men Engaging New Strategies Program
**1300 364 277**
*တနင်္လာမှ သောကြာ၊ နံနက် 9 နာရီ –ညနေ 5 နာရီ။*
မိမိ၏ ကြင်ဖော်ဖက်များကို နှိပ်စက်ခဲ့သည့် အမျိုးသား များအတွက် အစီအစဉ်ကို Relationships Australia Tasmania က ပို့ချပေးသည်။

Engender Equality
**(03) 6278 9090**
*တနင်္လာမှ သောကြာ၊ နံနက် 9 နာရီ – ညနေ 5 နာရီ။*
အကြမ်းဖက်မှု လုပ်သည့်အမျိုးသမီးများ အပါအဝင်အတွက် နှစ်သိမ့်အကြံပေးခြင်းနှင့် ပံ့ပိုးရေးဝန်ဆောင်မှု။
www.engenderequality.org.au

MensLine Australia
ဌာနကို စိတ်ခံစားမှုဆိုင်ရာ ကျန်းမာရေးနှင့် ပေါင်းသင်းဆက်ဆံရေး စိုးရိမ်မှုများရှိသည့် အမျိုးသားများအတွက် တယ်လီဖုန်းနှင့် အွန်လိုင်း နှစ်သိမ့်အကြံပေးခြင်း ဝန်ဆောင်မှုလုပ်ပေးရန်အတွက်
**1300 789 978**
*၂၄ နာရီလုံးလုံး ရရှိနိုင်ပါသည်။*
www.mensline.org.au

မိသားစုအကြမ်းဖက်မှုနှင့် လိင်ဆိုင်ရာ
အကြမ်းဖက်မှုသည် မည်သည့်အခါမျှ လုပ်၍မရပါ။

အကယ်၍ သင် သို့မဟုတ် သင်
သိသည့်တစ်စုံတစ်ယောက်မှာ
မိသားစုအကြမ်းဖက်မှုကြောင့် ထိခိုက်ခံနေရလျှင်
Safe at Home Family Violence Response and
Referral ဖုန်းလိုင်း 1800 633 937 ကို ဆက်ပါ။

အကယ်၍ သင် သို့မဟုတ် သင်
သိသည့်တစ်စုံတစ်ယောက်မှာ လိင်ဆိုင်ရာ
အကြမ်းဖက်မှုကြောင့် ထိခိုက်ခံရလျှင်
Statewide Sexual Assault Crisis ဖုန်းလိုင်း
**1800 697 877** ကို ဆက်ပါ။ အရေးပေါ်
ကိစ္စတစ်ရပ်တွင် အမြဲတမ်း
ဖုန်း **000 ကိုဆက်ပါ။**

## နောက်ထပ် အချက်အလက်များ

ဩစတြေးလျနိုင်ငံသို့ လာရောက်သည့် အမျိုးသမီးများနှင့်
အမျိုးသားများအား ပံ့ပိုးပေးရန် မိသားစု
အကြမ်းဖက်မှုနှင့်ပတ်သက်သည့် ဩစတြေးလျနိုင်ငံ
ဥပဒေများနှင့်ပတ်သက်၍ သတင်းအချက်အလက်များ
အပါအဝင် နောက်ထပ် အချက်အလက်များကို ဘာသာစကား
၄၆ မျိုးဖြင့် **www.dss.gov.au/family-safety-pack
တွင်ရရှိနိုင်ပါသည်။**